ပုဂ္ဂိုလ်စွဲ၊ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊လူမျိုးစွဲ၊ဘာသာစွဲ လုံးဝမပါသော အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တစ်ကမ္ဘာလုံးဆိုင်ရာ အချိန်ပြည့် တရားအလှူတော်ရိပ်သာ (၄၂ရပ်ကွက်၊မြောက်ဒဂုံ) (၆.၁၀.၂၀၀၆) သီတင်းကျွတ်လပြည့်နေ့တွင် စတင်တည်ဆောက်ပါမည်။

၁. တစ်ထပ်လျှင်ယောဂီ(၁၀၀၀ဆန့်)**မင်္ဂလာပါးလေးထပ်ဓမ္မာရုံ** (၇၅× ၁၅၀ပေ)အပေါ်ဆုံးထပ်အမိုးတွင်စကြ်ာပါသိန်းလေးထောင်

၂. လူမမာများအတွက် **လေးထပ် လူမမာဆောင် တရားဆေးရုံ**နှင့် ဆေးခန်း (၇၅× ၂၅ပေ) သိန်းရှစ်ရာခန့်

၃. **ပြည်တွင်း ရဟန်းနှင့်အမျိုးသားယောဂီ (၅၀၀)အတွက် အနိစ္စဆောင်** (ရေချိုးခန်းနှင့်အိမ်သာပါ နှစ်ယောက်ခန်း တစ်ခန်းလျှင် သိန်းနှစ်ဆယ်ခန့်× အခန်းပေါင်း ၂၅၀)

၄. **ပြည်တွင်း သီလရှင်နှင့်အမျိုးသမီးယောဂီ (၅၀၀)အတွက် ဒုက္ခဆောင်** (ရေချိုးခန်းနှင့်အိမ်သာပါ နှစ်ယောက်ခန်း တစ်ခန်းလျှင် သိန်းနှစ်ဆယ်ခန့်× အခန်းပေါင်း ၂၅၀)

၅. **ပြည်ပ ရဟန်းနှင့်အမျိုးသားယောဂီ (၅၀၀)အတွက် အနတ္တဆောင်** (ရေချိုးခန်းနှင့်အိမ်သာပါ နှစ်ယောက်ခန်း တစ်ခန်းလျှင် သိန်းနှစ်ဆယ်ခန့်× အခန်းပေါင်း ၂၅၀)

၆. **ပြည်ပ သီလရှင်နှင့်အမျိုးသမီးယောဂီ (၅၀၀)အတွက် အသုဘဆောင်** (ရေချိုးခန်းနှင့်အိမ်သာပါ နှစ်ယောက်ခန်း တစ်ခန်းလျှင် သိန်းနှစ်ဆယ်ခန့်× အခန်းပေါင်း ၂၅၀)

၇. **ဆာလောင်မှု ရောဂါကု နှစ်ထပ် ဆွမ်းစားဆောင်**နှင့် ဆွမ်းချက်ဆောင် (၇၅× ၁၅၀ပေ) သိန်းနှစ်ထောင်ခန့်

၈. **သမုတိ သံဃာ့ သားဖွားရုံ လေးထပ်သိမ်** (၂၅× ၇၅ပေ) အပေါ်ထပ်များတွင် ဧည့်ဆောင်နှင့် ဂိုဒေါင်ပါ သိန်းရှစ်ရာခန့်

၉. **အဝိဇ္ဇာမှ ဝိဇ္ဇာသို့ နေရာချထားရေး လေးထပ်ရုံး** (၂၅× ၇၅ပေ) ရုံးခန်း၊ ပြတိုက်၊ အရောင်း၊ အငှားဆိုင်၊ ဂိုဒေါင်နှင့် ဧည့်ဆောင်ပါ သိန်းရှစ်ရာခန့်

၁၀။ ကားရပ်နားရန်နေရာ၊**သစ်ပင်များနှင့်ပန်းဥယျာဉ်** (ရိပ်သာကို
သစ်ပင်မျိုးစုံနှင့်သာ သဘာဝအတိုင်း အလှဆင်ပါမည်။)

၁၁။ ရိပ်သာအတွင်းရှိ **အမိုးစောင်းတန်းပါလမ်းများ**

၁၂။ အဝီစိတွင်း၊ **စတီး ရေတိုင်ကီများနှင့် ရေပိုက်လိုင်းများ**

၁၃။ လျှပ်စစ်**မီး** နှင့် နေအား၊လေအား **အလင်းရောင်များ**

၁၄။ **ခြံစည်းရိုး နှင့်ရေတားအုတ်တံတိုင်းနံရံများ**

(မှတ်ချက်–အခြေအနေနှင့်အချိန်အခါအရ ပိုကောင်းသည်ထက် ကောင်းအောင်
လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများ ရှိနိုင်ပါ၏။)

သင်အပါအဝင် လူမျိုး၊ ဘာသာ၊ ရဟန်းရှင်လူ၊ ကျားမ၊ ကြီးငယ်၊ ဆင်းရဲချမ်းသာ၊ လူကောင်းလူမမာမရွေး အားလုံးနှင့် ဆိုင်သော အချိန်ပြည့်အမြဲတမ်းဖွင့်လှစ်ထားမည့် အနတ္တတရား ရိပ်သာတစ်ခုပေါ်ပေါက်လာပါတော့မည်။အများအကျိုးသက်သက် ကိုသာကြည့်သော စင်ကြယ်သောစေတနာများဖြင့် အကောင်းဆုံး၊ အခိုင်မာဆုံး၊ရေရှည်အခံဆုံး၊ပြဿနာအနည်းဆုံး၊စည်းစနစ်အကျဆုံး စံပြတရားရိပ်သာတစ်ခုကို အများအားဖြင့် ဝိုင်းဝန်းစုပေါင်းတည် ဆောက်လိုပါ၏။ မိမိအတွက် လှူခြင်းမဟုတ်ဘဲ ခန္ဓာငါးပါး၊ရုပ်နာမ်နှစ်ပါး၊ (ကမ္ဘာသူ၊ကမ္ဘာသား၊(၃၁)ဘုံသား၊သတ္တဝါအနန္တ)၏အကျိုးစီးပွားအစစ်ဖြစ်သောလိုချင်တပ်မက်ငြိတွယ်စရာမဟုတ်သည့်အမှန်တရားကိုသိခြင်း(အလောဘ)၊စိုးရိမ်ပူပန်မှုကင်းခြင်း(အဒေါသ) ငါငါ့ဥစ္စာဟူသော အထင်မှားမရှိခြင်း(အမောဟ) ချမ်းသာအစစ်

(နိဗ္ဗာန်)ကို ရည်စူးပြီး မည်သူမဆို နည်းသည်များသည် အဓိက မထားဘဲ ငွေအား၊ လုပ်အား၊ အကြံဉာဏ်အား၊ စေတနာအား၊မိမိ တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းပါဝင် ကုသိုလ်ကောင်းမှု ပြုကြစေ လိုပါ၏။ အများအကျိုးဆောင်ရွက်ခြင်းသည် ငါဟူသောအထင်မှား အတ္တကို စွန့်လွှတ်ခြင်းပင်ဖြစ်ပါ၏။ အတ္တစွဲလျှော့နည်းလေလေ အနတ္တချမ်းသာကို နားလည်လေလေဖြစ်ပါ၏။

မိမိအတွက် လွယ်ကူလွန်းသော အရာများသည် အများအတွက်တော့ ခက်ခဲလွန်းနေပါ၏။

မိမိအတွက် ဘာမှ မဟုတ်သောအရာများသည် အများအတွက်တော့ အရေးကြီးလွန်းနေပါ၏။

မိမိအတွက် ပေါ်များလွန်းသောအရာများသည် အများအတွက်တော့ ရှားပါးလွန်းနေပါ၏။

များပြားလွန်းလှသော ပရိသတ်များနှင့် ဆက်စပ်ပတ်သက်နေသော စွန့်လွှတ်ခြင်းများစွာဖြင့် တည်ထောင်ထားသော အားကြီးလွန်းသော အလောဘ၊အဒေါသ၊အမောဟ အသိဉာဏ်စေတနာများ ဦးစီးသော၊ ကုသိုလ်ကောင်းမှုတို့ ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းအစစ်ဖြစ်သော၊

အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း/ရိပ်သာနှင့်အတူ မိမိ၏အားသာချက်များကို အများသို့ မျှဝေကောင်းမှု ပြုခြင်းဖြင့် သတ္တဝါအနန္တ၏ အကျိုးစီးပွားအစစ်ကို အထိရောက်ဆုံး ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်စေလိုပါ၏။သင်ကိုယ်တိုင်အပါအဝင်၊ သင်နှင့်ပတ်သက်သူအားလုံး၏ပစ္စုပ္ပန်၊အနာဂတ်အကျိုးစီးပွားအစစ် အတွက်သာမကသင်မရှိတော့သော်လည်း အနာဂတ်တွင် ရှိနေမည့် သင်နှင့်ပတ်သက်သူများအားလုံး၏အကျိုးစီးပွားအစစ်အတွက်ပါ

အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း/ရိပ်သာ မှတစ်ဆင့် ကောင်းကျိုးအစဉ်အဆက် ဆောင်ရွက်နိုင်ကြပါ၏။

**စုစည်းမှုများလေအင်အားကြီးလေ**–ရေအိုင်တစ်အိုင်ဖြစ်စေ၊သမုဒ္ဒရာ ကြီးပင်ဖြစ်စေ မိုးစက်တစ်စက်ချင်းစီ၏ ပေါင်းစည်းမှုအင်အားပင် ဖြစ်၏။ ရွံ့တစ်စက်ဖြစ်စေ၊ မဟာပထဝီမြေထုကြီးပင်ဖြစ်စေ မြေမှုန်တစ်မှုန်ချင်းစီ၏ ပေါင်းစည်းမှုအင်အားပင်ဖြစ်၏။နည်းရာက များရသည်ချည်းသာ ဖြစ်ပါ၏။ မသိရာက သိရသည်ချည်းသာ ဖြစ်ပါ၏။ စရာကဆုံးရသည်ချည်းသာဖြစ်ပါ၏။ တစ်ခုတစ်ခုချင်း စီကို စုပေါင်းနိုင်သည့်အင်အားသာကြီးလျှင်မဖြစ်နိုင်တာဘာမှမရှိ။

## အကြောင်းအကျိုး

မှန်ကန်သေချာတိကျသောစကားကိုသာ ပြောဆိုခြင်းသည် မိမိအလိမ်မခံရစေသောနည်း ဖြစ်ပါ၏။

သူများပစ္စည်း မတရားမယူခြင်းသည် မိမိပစ္စည်းကို အကောင်းဆုံးကာကွယ်စောင့်ရှောက်ခြင်း ဖြစ်ပါ၏။

သက်ရှိသတ္တဝါများကို ထိတ်လန့်အောင် မပြုလုပ်ခြင်းသည်
မိမိအကြောက်အလှန့်ကင်းစေသောနည်းဖြစ်ပါ၏။

သက်ရှိသတ္တဝါများ၏အသက်ကို မသတ်ခြင်း (တန်ဖိုး ထားခြင်း)သည်
မိမိအသက်ရှည်စေသောနည်း ဖြစ်ပါ၏။

ကိုယ်ကျိုးမကြည့်ခြင်း (အများအကျိုးဆောင်ရွက်ခြင်း၊ အများ၏အခက်အခဲကို
တတ်နိုင်သမျှ ဖြေရှင်းပေးခြင်း)သည်

ကိုယ့်အကျိုးအတွက် ပူစရာမရှိ ဖြစ်ခြင်းပင်ဖြစ်ပါ၏။
မတရား(လောဘ၊ဒေါသ၊မောဟ)ကို ရှောင်ခြင်းသည် တရား

(အလောဘ၊အဒေါသ၊အမောဟ)ကို ဆောင်ခြင်းပင်ဖြစ်ပါ၏။ မိမိစိတ်ကို
အလိုမလိုက်ခြင်းသည် အများစိတ်အပေါ် လွှမ်းမိုးနိုင်
ခြင်းပင်ဖြစ်ပါ၏။စစ်မှန်သေချာသောသစ္စာတရားသက်သက်ကို

ရွေးချယ်ဖြန့်ချိခြင်းသည်ကဗ္ဗည်းထိုးစရာမလိုအောင်ခိုင်မြဲသောနှလုံးသားထက်အက္ခရာတင်
ခြင်းပင်ဖြစ်ပါ၏။

အားကိုးရာ အမှန်တရားစစ်ကို အများသိအောင် ကူညီခြင်းသည် မိမိတရား
သိရန်အတွက်၊ အားကြီးလွန်းသောအထောက်အပံ့များဖြစ်ပါ၏။

လောကဓံတရားတို့မှ လွန်မြောက်ရာ လောကသားတို့၏ လောဘ၊ဒေါသ၊မောဟ အသိ
မှတ်ဉာဏ်အင်အားတို့ တုနှိုင်းမမီရာ ထိုးထွင်းဉာဏ်ဦးစီးသည့် ကံ(စေတနာ)အင်အားတို့
လွှမ်းမိုးရာ စစ်မှန်သေချာသော အမှန်တရားများ၊ စွန့်လွှတ်မှုများ စုစည်းရာ
သဘာဝတရားဥပဒေသ (သစ္စာအမှန်တရား) ကြီးစိုးရာ
(၃၁)ဘုံသားကိလေသာရောဂါသည်များအား ကူညီကုသရာ
ကိလေသာတိုက်ဖျက်ရေးဆူနာမီဓမ္မလှိုင်းကြီးများမပြတ်ထုတ်လွှင့်ရာ

**အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော် လုပ်ငန်း/ရိပ်သာ**
**၁၂၆ (၃လွှာ) ၃၈လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၁၀၁၂**
**မျှဝေခြင်းဖြင့် အများအကျိုး ဆောင်ရွက်ပါ။**